The Standard Time Daily

www.sdtimedaily.com
www.facebook.com/standardtimedaily

# နွေးထွေးသော ပေါက်ဖော်မေတ္တာ

ယခုနှစ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်သည့် (၇၅ ) နှစ်ပြည့် ဖြစ်ပါသည်။ (၇၅) နှစ်တာကာလအတွင်း တရုတ်-မြန်မာ ပေါက်ဖော်မေတ္တာသည် အခက်အခဲများကို ကျော်ဖြတ်၍ အစဉ်အမြဲခိုင်မာနေခဲ့သည်။ ပေါက်ဖော်မေတ္တာသည် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၏ သမိုင်းပေါင်းကူးတံတားဖြစ်သည့်အပြင် နွေးထွေးသော အကြောင်းအရာများလည်း ဖြစ်သည်။ ယခုအပတ်စဉ်တွင် ကျွန်ုပ်တို့သည် ယခုတလောဖြစ်ပွားခဲ့သည့် နွေးထွေးသောအကြောင်းအရာ (၃) ရပ်ဖြင့် အစဉ်အမြဲခိုင်မာနေသော ပေါက်ဖော်မေတ္တာကို ပရိသတ်ကြီးအား ခံစားသိရှိစေပါမည်။



## နွေးထွေးသော လက်ဆောင်မွန်

“အဘွား၊ မင်္ဂလာပါ။ အဘွား ကျန်းမာရေးကောင်းရဲ့လား”၊ “ကောင်းပါတယ်”။ ယခုရက်ပိုင်းတွင် ယူနန်ပြည်နယ် တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတကာ ပြန်ကြားရေးစင်တာ (အတိုကောက်လန်ချန်း-မဲခေါင် နိုင်ငံတကာပြန်ကြားရေး) ရန်ကုန်ရုံးခွဲမှ မြန်မာနိုင်ငံသား သတင်းထောက် ကိုဇော်ရဲအောင်သည် စုံစမ်းမေးမြန်းမှု များစွာပြုလုပ်၍နောက်ဆုံးတွင် အဘွားဒေါ်မန်းနုနှင့်တွေ့ဆုံနိုင်ခဲ့သည်။

မတ် ၂၈ ရက် မြန်မာနိုင်ငံ အလယ်ပိုင်း ၇.၉ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်ကြီး လှုပ်ခတ်သွားပြီးနောက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့သည် မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိသည့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့ ဖြစ်လာခဲ့သည်။ မတ် ၃၀ ရက် အရုဏ်တက်ချိန်တွင် အဆိုပါကယ်ဆယ်ရေးအဖွဲ့သည် နေပြည်တော် ဥတ္တရသီရိဆေးရုံ အပျက်အစီးများကြားမှ ပထမဆုံးသော အသက်ရှင်ကျန်ရစ်သူ အဘွားဒေါ်မန်းနုကို ကယ်တင်နိုင်ခဲ့သည်။ ထို့နောက်တွင် ကယ်ဆယ်ရေးအဖွဲ့သည် အဘွားကို အမြဲသတိတရရှိနေခဲ့ပါသည်။ ယခုရက်ပိုင်းတွင် အဆိုပါကယ်ဆယ်ရေးအဖွဲ့သည် အဘွား အရေးတကြီး လိုအပ်နေသော ပေါ့ပါးအဆင်ပြေသည့် ဗီးလ်ချဲကို ဝယ်ယူ၍ ကိုဇော်ရဲအောင်မှတစ်ဆင့် အဘွားအိမ်သို့ ပို့ပေးခဲ့သည်။

ဤတောတောင်ရေမြေကို ဖြတ်ကျော်လာသည့် အောက်မေ့သတိရမှုသည် အဘွားကို ပေါက်ဖော်မေတ္တာ၏ နွေးထွေးမှုများ ခံစားရစေခဲ့သည်။ အဘွား၏ အိမ်တွင် ကိုဇော်ရဲအောင်သည် အဘွားဒေါ်မန်းနုကို ဗီးလ်ချဲပေါ်သို့ တွဲတင်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့၏ သူမအပေါ် ဂရုစိုက်မှုနှင့် နှုတ်ဆက်မေးမြန်းမှုများကို ပြောပြပေးခဲ့ပါသည်။

ထိုနေ့တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့နှင့်အတူ မြန်မာနိုင်ငံ ငလျင်ဒဏ်ခံဒေသသို့ သွားရောက်၍ အဘွားဒေါ်မန်းနုကို ကယ်တင်ခဲ့သည့် ဖြစ်စဉ်တစ်ခုလုံးကို သတင်းပေးပို့ခဲ့သည့် လန်ချန်း-မဲခေါင် နိုင်ငံတကာ ပြန်ကြားရေးသတင်းထောက် ဖွေ့ဖွေ့ကြည်လင်သည်လည်း အဘွားနှင့် ဗီဒီယိုကောပြောကြားပြီး ကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးအဖွဲ့ခေါင်းဆောင်၏ နှုတ်ဆက်မေးမြန်းမှုကို ပြောပြခဲ့ပါသည်။ ဒေါ်မန်းနုက “တကယ်ကျေးဇူးတင်ပါတယ်၊ သူတို့တွေရှိလို့သာ ကျွန်မ ကံကောင်းထောက်မပြီး အသက်ရှင်နိုင်ခဲ့တာ။ သူတို့ကို ပြောပြလိုက်ပါ ကျွန်မအလွန်ဝမ်းသာပါတယ်လို့”ဟု ပြန်ပြောပါသည်။

“အဘွား ကျန်းမာရေးကောင်းလာတဲ့အခါ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို လာလည်ဖို့ ဖိတ်ပါ့မယ်”ဟု ဖွေ့ဖွေ့ကြည်လင်က အဘွားကို ဖိတ်ခေါ်ခဲ့ပါသည်။ အဘွားက“တကယ်လို့ အခွင့်သာလို့ရှိရင် ကျွန်မ တကယ်သွားကြည့်ချင်ပါတယ်”ဟု ပြောပါသည်။

## နွေးထွေးသော စာသင်ခန်း

ရွှေလီမြို့အသက်မွေးဝမ်းကျောင်းအလယ်တန်းကျောင်းတွင် နွေရာသီကျောင်းပိတ်ရက်လက်တွေ့လေ့ကျင့်ရေး စာသင်ခန်းထဲ၌ အပ်ချုပ်စက်များမှ တချပ်ချပ်နှင့် အသံများ ထွက်ပေါ်နေပြီး မြန်မာနိုင်ငံသား ကျောင်းသားသစ် ၁၀ ဦးကျော်သည် သွက်လက်စွာဖြင့် အပ်ကြိုးများကို အဝတ်စများပေါ်တွင် လေ့ကျင့်ချုပ်လုပ်နေကြပါသည်။ ဤသည်မှာ အပ်ချုပ်သင်တန်း၏ ချုပ်လုပ်မှုအခြေခံသင်ခန်းစာ ဖြစ်ပါသည်။ ဇူလိုင် ၂၃ ရက်တွင် တရုတ်-မြန်မာ အွန်လိုင်းမီဒီယာသုတေသနမွမ်းမံသင်တန်းမှ မီဒီယာအဖွဲ့သည် ဤနေရာသို့ ရောက်ရှိလာပြီး တရုတ်-မြန်မာ ပညာရေးပူးပေါင်းဆောင်ရွက်မှု၏ နွေးထွေးသော အကြောင်းအရာများကို လာရောက်လေ့လာကြသည်။

“နည်းပညာကို သင်ယူနေတဲ့ တစ်ချိန်တည်းမှာပဲ တရုတ်ဘာသာ ယဉ်ကျေးမှု သင်ခန်းစာတချို့ကိုလည်း သင်ယူရပါတယ်။ အခုဆိုရင် ကျွန်မက နေ့စဉ်သုံးစကားတွေကို တရုတ်လို ကောင်းကောင်းပြောနိုင်နေပါပြီ”ဟု ကင်မရာရှေ့တွင် မြန်မာနိုင်ငံသား ကျောင်းသူ မပန်းအိသူက မိမိသင်ယူတတ်မြောက်ထားသော အတတ်ပညာများကို ပြောပြပါသည်။

“ကျောင်းပြီးသွားရင် တရုတ်နိုင်ငံက ဒီပလိုမာ၊ ဘွဲ့ကြို စတဲ့ ဘွဲ့တွေကို ဆက်လက်သင်ယူနိုင်သလို အလုပ်အတွက် ထောက်ခံပေးမှုတွေလည်း ရနိုင်ပါတယ်”။ ကျောင်းအုပ်ကြီး တင်းလိရှန်းက ကျောင်းတွင် အဝတ်အထည်ဒီဇိုင်းနှင့် ချုပ်လုပ်မှုပညာ၊ E-commerce စသည့် ပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးနေကြောင်း၊ ကုမ္ပဏီလုပ်ငန်းများနှင့် ချိတ်ဆက်၍ ထုတ်လုပ်ရေးနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်မှု အခြေစိုက်စခန်းကိုလည်း တည်ထောင်ထားကြောင်း မိတ်ဆက်ပြောပြပါသည်။

ကျောင်းမှ မြန်မာနိုင်ငံသား ကျောင်းသား၊ ကျောင်းသူများအတွက် အသေးစိတ် ဝန်ဆောင်မှုများဆောင်ရွက်ပေးထားပါသည်။ ထမင်းစားဆောင်မှ ဟင်းအရသာမှသည် တရုတ်-မြန်မာ နှစ်နိုင်ငံကျောင်းသားများ အတန်းကျော် အဖွဲ့ခွဲ၍ အပြန်အလှန်ကူညီဖေးမမှုစသည့် အသံမဲ့ဂရုစိုက်ပေးမှုများသည် ယဉ်ကျေးမှုကွာခြားခြင်းကို ပျောက်ဆုံးသွားစေနိုင်သကဲ့သို့ မြန်မာနိုင်ငံသား ကျောင်းသား၊ ကျောင်းသူတို့၏ နှလုံးသားကိုလည်း နွေးထွေးသွားစေခဲ့ပါသည်။

“(ဒီလိုမျိုး) ထုတ်လုပ်ရေးနဲ့ ပညာရေး ပေါင်းစပ်ပုံစံက အတတ်ပညာတွေ ပိုပြီးတော့ ကောင်းမွန်လာစေနိုင်သလို တန်ဖိုးကိုလည်း ဖန်တီးဖြစ်ပေါ်လာစေပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကို အနာဂတ်ကြိုတင်ရေးဆွဲနိုင်ဖို့ စွမ်းရည်တွေ ရှိလာစေပါတယ်”ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အသံလွှင့်ကျွမ်းကျင်(၁) ဒေါ်ကြည်ပြာဝင်းက ပြောပါသည်။

## နွေးထွေးသော ဆုဖလား

“ဒီဂုဏ်ပုဒ်က မြန်မာ-တရုတ်နှစ်နိုင်ငံ လူမှုယဉ်ကျေးမှု ဆွေးနွေးဖလှယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသူတွေနဲ့ သက်ဆိုင်ပါတယ်။” ဇူလိုင် ၁၉ ရက်တွင်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကိုယ်စားလှယ် ဒေါ်သူဇာဝင်းကဆုဖလားကိုင်လျက် တရုတ်-မြန်မာ နှစ်နိုင်ငံအဖွဲ့က အတူတကွ ရိုက်ကူးဖန်တီးထားသည့် ဗီဒီယိုအတိုလက်ရာ “ပန်းတိုင်၏ အနက်အဓိပ္ပာယ်”သည် မာရသွန်စိတ်ဓာတ်ကို ယှဉ်ပြိုင်မှုကို ကျော်လွန်၍ နိုင်ငံနယ်နိမိတ်ကို ဖြတ်ကျော်လာခဲ့သည့် ယဉ်ကျေးမှု ဆွေးနွေးဖလှယ်ခြင်း၊ အပြန်အလှန် သင်ယူခြင်းတို့၏ လက်တွေ့လုပ်ဆောင်မှုဖြစ်ကြောင်း ပြောပြသည်။

ထိုနေ့တွင် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ကန့်ကျိုးမြို့၌ “ကျွန်ုပ်၏ မာရသွန်- တစ်ကမ္ဘာလုံးဆိုင်ရာ ဗီဒီယိုအတိုစုစည်းပြသလှုပ်ရှားမှု၏ ဆုစာရင်းကို ကြေညာခဲ့သည်။ တရုတ်-မြန်မာနှစ်နိုင်ငံအဖွဲ့သည့် တရုတ်နိုင်ငံ ရွှေလီမြို့-မြန်မာနိုင်ငံမူဆယ်မြို့ နယ်စပ်ဖြတ်ကျော်မာရသွန်ပြိုင်ပွဲကို ဗဟိုပြု၍ ရိုက်ကူးထားသည့် ဗီဒီယိုအတို “ပန်းတိုင်၏ အနက်အဓိပ္ပာယ်”သည် စုစည်းပြသလှုပ်ရှားမှု၏ အကောင်းဆုံးလက်ရာ ၁၀ ခုစာရင်းဝင်ခဲ့ပါသည်။

ဤလက်ရာသည် “မာရသွန်တစ်ပွဲဖြင့် နှစ်နိုင်ငံပြေး”ကို နောက်ခံထား၍ မြန်မာနိုင်ငံသား လူငယ်တစ်ဦး၏ ယူနန်ပြည်နယ်တွင် နိုင်ငံဖြတ်ကျော်ပြီး အိပ်မက်တို့ အကောင်အထည်ပေါ်ခဲ့သည့် အကြောင်းအရာကို တင်ဆက်ထားပါသည်။ ဗီဒီယိုတွင် အားကစားစိတ်ဓာတ်သည် ပထဝီမြေအနေအထားနှင့် ယဉ်ကျေးမှုနယ်နိမိတ်တို့ကို ဖြတ်ကျော်၍ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူပြည်သားများကို ဆက်စပ်ပေးထားသော မေတ္တာပေါင်းကူးတံတားဖြစ်လာခဲ့ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယခုအကြိမ် “ကျွန်ုပ်၏ မာရသွန်” တစ်ကမ္ဘာလုံးဆိုင်ရာ ဗီဒီယိုအတိုစုစည်းပြသလှုပ်ရှားမှုသည် ၂၀၂၄ ခုနှစ် မတ်လတွင် စတင်ခဲ့ပြီး ဗီဒီယိုလက်ရာပေါင်း ၄၀၀ ခန့် လက်ခံရရှိခဲ့ကြောင်း သိရှိရပါသည်။

( “လန်ချန်း-မဲခေါင် နိုင်ငံတကာပြန်ကြားရေး” WeChat အကောင့်၊ Yunnan.cn)